# မြန်မာ့စီးပွားရေးအပေါ် မူဝါဒဆိုင်ရာသုံးသပ်ချက်

Bangkok Research Center (IDE-JETRO)



## အခြားအရှေ့အာရှနိုင်ငံများမှ FDI နှင့်ပတ်သက်၍ မြန်မာနိုင်ငံက ဘာလေ့လာသိရှိနိုင်ပါသလဲ။

### FDI ၏ အကျိုးဖြစ်စေမှုနှင့် အကျိုးမဲ့စေမှုများ

**By Masami ISHIDA**

၂၀၁၁ ခုနှစ်မတ်လတွင် ဦးသိန်းစိန်၊ နိုင်ငံတော်သမ္မတဖြစ်လာပြီး နောက်ပိုင်းမှ စတင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု အများအပြားကို ဆက်တိုက်ကြေညာခဲ့ပါသည်။ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ASEAN နိုင်ငံများမှ ကုမ္ပဏီများ သည်လည်း အနည်းဆုံးဆုံးရှုံးမှု အန္တရာယ်နှင့် မြန်မာနိုင်ငံတွင် ထိရောက်စွာရင်းနှီးမြှုပ်နှံနိုင်ရန် နည်းလမ်းစတင် ရှာဖွေခဲ့ကြပါသည်။

အမြားများပြားသော ကုမ္ပဏီများ ဆုံးဖြတ်ချက်တစ်စုံတစ်ရာမချမှတ်ဘဲ ၎င်းတို့၏ စောင့်ကြည့် လေ့လာယူဆချက်ကို ပြောင်းလဲမြင်းမပြုခဲ့ပါ။ မည်သို့ပင်မြစ်စေ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးကြီးထွားလာနေပြောသော်လည်း မြန်မာအစိုးရအတွက်မူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန် လုံလောက်သော ပြင်ဆင်မှုများဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ယင်းအမြေအနေတွင် အစိုးရနှင့် စီးပွားရေးအသိုက်အဝန်းကို ပံ့ပိုးမှုပြုနိုင်ရန် ကျွန်ုပ်တို့က အရှေ့အာရှနိုင်ငံများ၏ အတွေ့အကြုံအများအရ FDI ၏ အကျိုးမြစ်စေမှုနှင့် အကျိုးမဲ့မှုများကိုစဉ်းစားချင့်ချိန်လိုပါသည်။



ဆွေးနွေးခြင်း မစတင်မီ FDI ၏ အဓိပ္ပာယ်ကိုသတ်မှတ်ဖွင့်ဆို၍ ASEAN နှင့်တရုတ်နိုင်ငံတို့က ရရှိသည့် အဓိက FDI အမျိုးအစားများကို ရှင်းလင်းဖော်ပြပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပြီး ယင်းရင်းနှီးမြှုပ်နှီးမှုမှ တစ်ဆင့် နိုင်ငံခြားတိုင်းပြည် တစ်ပြည်တွင် ရင်းနှီးမြှုပ်နှံသူက အရေးပါသော လုပ်ငန်းထိန်းချုပ်ခွင့်ကို ရရှိခြင်းဖြစ်ပါသည်။ FDI တွင်ပိုင်ဆိုင်ခွင့်နှင့်(သို့မဟုတ်) နိုင်ငံခြားရှိ ကုမ္ပဏီ၏ ထိန်းချုပ်ခွင့်များ ပါဝင်ပါသည်။ (Markusen, et al,P.394) ကုမ္ပဏီများ၏ ရှုထောင့်မှဖော်ပြရပါလျှင် နိုင်ငံ ' A' တွင် FDI မြှုပ်နှံခြင်းဖြင့် (ကုန်ပစ္စည်းထုတ်လုပ်မှုမှတစ်ဆင့်) မျှော်လင့်ထားသော အကျိုးအမြတ်များမှာ မူရင်းမိခင်နိုင်ငံမှ နိုင်ငံ ' A' သို့ ယင်းကုန်ပစ္စည်း တင်ပို့ပါက ရရှိသည့်တန်ဖိုးထက် မြင့်မားရမည်ဖြစ်သည်။ နှင့်တရုတ်ပြည်မှ ရရှိသည့် FDI မြှုပ်နှံမှုများတွင် နိုင်ငံခြားကုမ္ပဏီများမှာ မိမိနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျသောလုပ်ခစရိတ် အခွင့်ပါမှုကို ရရှိခံစားရပါသည်။

ဂျပန်နိုင်ငံနှင့်အာရှ NIEs နိုင်ငံများ (စက်မှုဖွံ့ဖြိုးစနိုင်ငံများ) က ASEAN နိုင်ငံများတွင် ပို့ကုန်အသားခပေး FDI မြှုပ်နှံမှုများမှာ ဤကဲ့သို့ FDI အမျိုးအစားမှ တစ်ခုဖြစ်ပါသည်။ တရုတ်ပြည်မှာ ပြည်တွင်းဈေးကွက်အသားပေးသည့် FDI အတွက် ကမ္ဘာတွင် အဓိကဒေသတစ်ခုဖြစ်ပါသည်။ ထို့ပြင် နိုင်ငံခြားကုမ္ပဏီများမှာ စက်ရုံများကို ကုန်ကြမ်းထွက်ရှိသည့် နေရာနှင့် အဦးဆုံးတည်ဆောက်နိုင်သည့် အခွင့်အလမ်းကို ရရှိခံစားနိုင်ပါသည်။ ဥပမာ-ဘိလပ်မြေစက်ရုံတစ်ရုံကို ထုံးကျောက်မိုင်းနှင့် အနီးဝန်းကျင်တွင် တည်ဆောက်နိုင်ခြင်းဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ဖော်ပြလိုသည်မှာ မလေးရှား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှာ ဖြန်မာအပါအဝင် အခြားဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများဖြစ်လာကြပါသည်။

## ၁။ FDI ၏အကျိုးဖြစ်စေမှုများ

အလုပ်အကိုင်ဖန်တီးမှုသည် FDI ၏ အကျိုးဖြစ်စေမှု တစ်ရပ်ဖြစ်ပါသည်။ FDI အားဆွဲဆောင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကြီးမားဆုံးအခွင့်သာမှုတစ်ရပ်မှာ နိမ့်ကျသောလုပ်ခများဖြစ်သည်နှင့်အညီ ယင်းနိုင်ငံများတွင် FDI မြှုပ်နှံမှုအများစု မြှုပ်နှံသည့်ကဏ္ဍများမှာလည်း လုပ်သားအခြေပြုကဏ္ဍများ ဖြစ်ပါသည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ် ဇွန်လ (၁၈)ရက်နေ့ထုတ်ဝေသော Washinton Post တွင် ဗီယက်နမ်နိုင်ငံရှိ Taiwan ကန်ထရိုက်တာတစ်ဦး ပိုင်ဆိုင်သည့် Nike စက်ရုံတွင် အလုပ်သမား ၂၀၀၀၀ ခန့်သည်သပိတ် တိုက်ပွဲဆင်နွှဲနေကြောင်းရေးသားဖော်ပြထားပါသည်။ ဤနေရာတွင် အလေးထားဖော်ပြလိုသည့် အချက်မှာ သပိတ် တိုက်ပွဲလုပ်ရပ်မဟုတ်ပဲ အလုပ်သမားဦးရေကို ဖော်ပြလိုခြင်းသာဖြစ်ပါသည်။ ဂျပန်ကုမ္ပဏီလက်အောက်ခံ ဝိုင်ယာဆိုင်းကြိုး ထုတ်လုပ်သည့် လုပ်ငန်း (Yagaki Haiphong Vietnam) သည်အလုပ်သမား ၅၂၇၂ ဦးကိုခန့်ထားပါသည်။ စက်မှုလက်မှုဇုံတွင် ဤကဲ့သို့သော ကုမ္ပဏီများစုစည်းမိပါကFDIကအလုပ်အကိုင်ထောင်ပေါင်းရာချီ၍ ဖန်တီးပေးနိုင်ပါသည်။ အိမ်ရှင်နိုင်ငံများမှာအလုပ်အကိုင်ဖန်တီးမှု၏အကျိုးသက်ရောက်မှုကို ကြိုဆိုကြပါသည်။ သို့ဖြစ်ပါ၍ ASEAN နိုင်ငံအချို့ကအလုပ်အကိုင်အများအပြားဖန်တီးပေးသော နိုင်ငံခြား ကုမ္ပဏီများတို့ မက်လုံးများပေးကြပါသည်။

ဥပမာအားဖြင့် မလေးရှားအစိုးရက အလုပ်သမား ၅၀၀ နှင့် အထက်ခန့် ထားသော ကုမ္ပဏီများကို၁၉၈၇ခုနှစ်တွင်အခွန်သက်ညှာခွင့်များ ၅ နှစ်မှ ၁၀ နှစ်အထိ တိုးပေးကြောင်းကြေညာခဲ့ပါသည်။( JETRO 1988,P,142) FDI လက်ခံရရှိခြင်းဖြင့် နည်းပညာလွှဲပြောင်းပေးမှုကို မျှော်လင့်နိုင်ပါသည်။ ဥပမာအားဖြင့် TV ထုတ်လုပ်သည့် နိုင်ငံခြားကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုတွင် ကုမ္ပဏီသည်ဦးစွာ စက်ရုံနှင့် တပ်ဆင်မှုလိုင်းများကို တည်ထောင်မည်။ ၎င်းနောက်စက်ပစ္စည်းများ၊ပစ္စည်းကိရိယာများကိုတပ်ဆင်ပြီး ကုန်ပစ္စည်းဒီဇိုင်း၊ အစိတ်အပိုင်းများနှင့် ထုတ်လုပ်မှု နည်းပညာများကို ယူဆောင်လာမည်ဖြစ်သည်။ ၎င်းနောက်ကုမ္ပဏီသည် လုပ်ငန်းများကြီးကြပ်၍ လုပ်ငန်းခွင်သင်တန်းများပေး၍ TV ကို တပ်ဆင်မည်ဖြစ်သည်။ (Kagami 1998.p.3) ကျွန်တော်တွေ့ဆုံဖူးသည့် ပြည်တွင်းရှိ နိုင်ငံခြားလက်ခွဲ ကုမ္ပဏီများ၏ ဥက္ကဋ္ဌများမှာ နည်းပညာလွှဲပြောင်းပေးမှုကို စိတ်ဝင်စားကြသော်လည်း နိုင်ငံခြားကုမ္ပဏီများ သို့မဟုတ် နိုင်ငံစုံကုမ္ပဏီများမှာ နည်းပညာလွှဲပြောင်းပေးမှု တိုးမြှင့်ဆောင်ရွက်ရာတွင် အပြုသဘောဆောင်ကြသည်ဟု မယူဆနိုင်ပါ။ ပထမအချက်အနေဖြင့် နည်းပညာ အသစ်တစ်ရပ် တီထွင်ရန်မှာ စရိတ်ကြီးမြင့်သဖြင့် နည်းပညာတစ်ရပ်ကို အခမဲ့ မရရှိနိုင်ပါ။ ဒုတိယအချက်အနေဖြင့် နည်းပညာလွှဲပြောင်းပေးမှုမှာ တန်ပြန်အကျိုးသက်ရောက်မှုရှိသော ခြိမ်းခြောက်မှုဟု နိုင်ငံခြားကုမ္ပဏီများကခံစားကြရပါသည်။တန်ပြန်အကျိုးသက်ရောက်မှုမှာ နည်းပညာလက်ခံရရှိသော တိုင်းပြည်မှ အင်ဂျင်နီယာများက တန်ဖိုးနည်း အတိအကျပုံစံတူ ပစ္စည်းများကို ထုတ်လုပ်လာနိုင်ပြီး တစ်ခါတစ်ရံ ပစ္စည်းအရည်အသွေးပါ ပိုမို ကောင်းမွန်ပါသည်။ ဤဖြစ်ရပ်များမှာ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ကြုံတွေ့နိုင်ပြီး ဂျပန်နိုင်ငံမှ အာရှစက်မှုထွန်းသစ်စ နိုင်ငံများမှ တရုတ်နိုင်ငံသို့ နည်းပညာလွှဲပြောင်းရာတွင် ၎င်းထင်ရှားသော ပြဿနာများ အဖြစ်တွေ့ရှိရပါသည်။

လွှဲပြောင်းပေးသော နည်းပညာ


အဓိကအားဖြင့် နိုင်ငံပိုင်ကုမ္ပဏီများအား စီမံအုပ်ချုပ်ရေးဆိုင်ရာ ထိရောက်မှု ဆန်းစစ်ပြုပြင်ရာတွင် နှောင့်နှေးမှုကြောင့် ...



မှန်သမျှမှာ အသစ်ဖြစ်သော နည်းပညာအစား အများလက်ခံအသုံးပြုသည့် နည်းပညာအမျိုးအစားများသာဖြစ်ကြပြီး အချို့သော နည်းပညာ လက်ခံရရှိသည့် နိုင်ငံများက နိုင်ငံခြား တိုင်းပြည်များက လွှဲပြောင်းပေးသော နည်းပညာများမှာ ဒုတိယတန်းစားနည်းပညာများသာဖြစ်ကြောင်း ပြောဆိုလာသည့်အခါ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စဉ်းစားရန် အကြောင်းအချက်များ ဖြစ်ပေါ်လာပါတော့သည်။ ပထမ အချက်အနေဖြင့်ဌာနေ အင်ဂျင်နီယာ၏ နည်းပညာနှင့် ပညာရည် အဆင့်အတန်းမှာ တိုးတက်ပြီး အဆင့်အတန်း မြင့်သည့် နည်းပညာ လွှဲပြောင်းလက်ခံရယူနိုင်ရန်မြင့်မားမှုမရှိခြင်းဖြစ်သည်။ ဒုတိယအချက် အနေဖြင့် လုပ်ငန်း ကူးပြောင်းမှုမှာ သာမန်ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေသည့် အချိန်တွင်နိုင်ငံခြား ကုမ္ပဏီများမှာ မကြာခင် အလုပ်မှနုတ်ထွက်မည့် အင်ဂျင်နီယာများနှင့် အလုပ်သမားများကို အဆင့်မြင့် နည်းပညာများ လွှဲပြောင်းပေးရန် မက်မောမှု များမရှိကြပါ။ ယင်းအခြေအနေများအောက်တွင် စဉ်းစားရန် ဆီလျော်သည်မှာ နိုင်ငံခြားကုမ္ပဏီများက အကျိုးအမြတ်များ အမြဲမပြတ်ရရှိရန် အထိရောက်ဆုံးသော ကုန်ထုတ်လုပ်ငန်းအတွက် အနိမ့်ဆုံး လိုအပ်သည့် နည်းပညာ အဆင့်မျိုးကိုသာ လွှဲပြောင်းပေးခြင်း ဖြစ်ပါသည်။ ပြီးခဲ့သောကာလတွင် နိုင်ငံခြား ကုမ္ပဏီများမှာ တစ်ခါတစ်ရံပိုမို တိုးတက်ပြီး အဆင့်အတန်းရှိသည့် နည်းပညာများကို လွှဲပြောင်းပေးရန် မရှောင်လွှဲနိုင်ခဲ့ပါ။ ၂၀၀၀ ခုနှစ်များ၏ အစတွင် ASEAN ဒေသတွင်းရှိ နိုင်ငံခြား ကုမ္ပဏီများမှာ တရုတ်နိုင်ငံလုပ်ဈေးနည်းသည့် ကုန်ပစ္စည်းများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ (Ishida , PP,100-101) သို့ဖြစ်ပါ၍ ၄င်းတို့၏ ကုန်ပစ္စည်းများ၏ ဈေးနှုန်းလျော့ကျစေရန် နိုင်ငံခြားကုမ္ပဏီများသည် မိမိတို့ နိုင်ငံရင်းမှ လိုအပ်သည့်ပစ္စည်းအစိတ်အပိုင်းများကိုမတင်သွင်းနိုင်တော့ပဲ ဒေသတွင်းအယားတူအမျိုးအစား ထုတ်လုပ်ပံ့ပိုးပေးနိုင်သူများကိုသာ ရှာဖွေရပါတော့သည်။ သို့မဟုတ်ပါကလည်း ဒေသတွင်း ထုတ်လုပ်ပံ့ပိုးသူများကို မွေးမြူလေ့ကျင့်ပေးရပါသည်။

(Ishida,PP,100-101)ဒေသတွင်းကုမ္ပဏီများသို့ ဤကဲ့သို့ နည်းပညာများနှင့် အသိပညာများအား ပျံ့နှံ့ကူးစက်လာသော အကျိုးသက်ရောက်မှုအဖြစ် လွှဲပြောင်းပေးနိုင်သည်ဟု မျှော်လင့်ရပါသည်။ ဤကဲ့သို့ နည်းပညာ လွှဲပြောင်းပေးရာတွင် ဒေသတွင်း လုပ်သားအင်အား၏ပညာရည်မြင့်မားသည့်အလျောက် MNGsနှင့်ဒေသတွင်း ကုမ္ပဏီများအကြား နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ၄င်းလုပ်သားအင်အားများအား စုစည်းမှုဖြင့် ၄င်းဆောင်ရွက်နိုင်ပါသည်။ ( Todo,et al 200g,pp. 626-637) ။

ယင်းအခြေအနေတွင် လက်ခံရရှိသည့် အိမ်ရှင်နိုင်ငံက ဤအခွင့်အလမ်းများကို အသုံးချနိုင်ပါသည်။ နိုင်ငံခြား ကုမ္ပဏီများအတွက်မူ ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးအဆိုပြုပေးသော အခြား နိုင်ငံများသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံရန် ရွေးချယ်နိုင်သည့် လမ်းများရှိပါသည်။ အမှန်တကယ်ဖြစ်ရပ်မှာမူ ASEAN နိုင်ငံများက မြင့်မားသည့် နည်းပညာလွှဲပြောင်းပေးနိုင်သော နိုင်ငံများသို့ ပိုမိုကောင်းမွန်သည့် မက်လုံးများကို ပေးလျက်ရှိပါသည်။



ပြည်တွင်း ကုမ္ပဏီများကို အကာအကွယ်ပေးခြင်းမှာ ယာယီသဘောသာ ဖြစ်သင့်.....
ပြည်တွင်းကုမ္ပဏီများမှာ FDI ကုမ္ပဏီများနှင့် ယှဉ်ပြိုင်ခြင်း အလေ့အထရှိသင့်.....

အလုပ်အကိုင်ဖန်တီးမှုနှင့် နည်းပညာ လွှဲပြောင်းပေးမှုအပြင် ဘဏ္ဍာရေးအင်အားကိုလည်း မျှော်လင့်နိုင်ပါသည်။ ဥပမာအားဖြင့် (ရေနံချက်စက်ရုံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများကဲ့သို့ သီးသန့်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုပေးနိုင်သည့် ကြီးမားသော အလိုအလျောက် စက်ကိရိယာများလိုအပ်သည့် လက်နက်ကိရိယာထုတ်စက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှုမှာ USဒေါ်လာတစ်ဘီလီယံကျော်ရှိတတ်ပါသည်။ ဤကဲ့သို့သော လက်နက်ကိရိယာ ထုတ်စက်ရုံများမှာ ထူးခြားလွန်ကဲသည့် ဖြစ်ရပ်များဖြစ်သော်လည်း အချို့ကြီးမားသည့် လုပ်ငန်းစီမံကိန်းများမှာလည်း နိုင်ငံခြားငွေမတည်မှု ဘဏ္ဍာရေးဆိုင်ရာ အင်အားလိုအပ်လေ့ရှိပါသည်။

## ၂။ FDI ၏အကျိုးမဲ့စေမှုများ

FDI သည်လက်ခံရရှိသည့် နိုင်ငံကို အကျိုးတရားဖြစ်စေသကဲ့သို့ အကျိုးမဲ့စေမှုများကိုလည်း ဖြစ်စေနိုင်ပါသည်။ ဒေသတွင်းရှိ ကုမ္ပဏီတစ်ခုသည့် သတ်သတ်မှတ်မှတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ပြီး၊ ယင်းပစ္စည်း၏ အရည်အသွေးနှင့် ဈေးနှုန်းမှာလည်း နိုင်ငံခြားထုတ် အလားတူ ကုန်ပစ္စည်းနှင့် တူညီပါက ဒေသရှိ ပြည်သူများသည် မိမိဌာနကုမ္ပဏီထုတ်ပစ္စည်းကိုသာ ပိုမိုလိုလားနှစ်သက်ကြပါသည်။ သို့သော် ဖြစ်ရပ်အများစုတွင် နိုင်ငံခြား ကုမ္ပဏီများသည် ယင်းသို့သော်ကုန်ပစ္စည်းများကိုအရည်အသွေးပိုမိုကောင်းမွန်သည် သာမက ဈေးနှုန်းလည်း သက်သက်သာသာဖြင့် ထုတ်လုပ်ပေးပါသည်။ ယင်းသို့သောပစ္စည်းများကို နိုင်ငံခြားမှ မတင်သွင်းပဲ နိုင်ငံခြား ကုမ္ပဏီများကို အလားတူပစ္စည်းများ ပြည်တွင်းတွင်လာရောက် ထုတ်လုပ်ခွင့်ပြုပါက ဒေသတွင်းရှိ ကုမ္ပဏီများမှာ စက်ရုံများကို ပိတ်ပစ်ရသည်သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများက ဝယ်ယူလိုက်ပါတော့သည်။

လက်တွေ့ဖြစ်ရပ်မှန်တစ်ခုမှာ FDI တရုတ်နိုင်ငံသို့ လျှင်မြန်စွာစီးဝင်စဉ်က ၁၉၉၀ ခုနှစ်၌ တရုတ်ပြည်၏ ၅၀% သော ဆပ်ပြာမှုန့်

ဈေးကွက်ကို နိုင်ငံခြားကုမ္ပဏီများက ထိန်းချုပ်ထားပါသည်။ ပြည်တွင်းဘီယာကုမ္ပဏီများ၏ ၇၀%သည် နိုင်ငံခြားကုမ္ပဏီများနှင့်ပူးပေါင်းရခြင်း သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများက အပြီးလွှဲပြောင်း ပိုင်ဆိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်တွင်းထုတ် စက်ပစ္စည်းလက်နက်ကိရိယာ၏ ဈေးကွက်ပိုင်ဆိုင်မှုမှာ ၃၇ % ခန့်ရှိပြီး ထင်ရှားသည့် ပြည်တွင်းထုတ်တံဆိပ်စက်ပစ္စည်းလုပ်ငန်းကိုနိုင်ငံခြားကုမ္ပဏီများကိုလွှဲပြောင်းရယူသကဲ့သို့ အချို့မှာလည်း လုပ်ငန်းပိတ်သိမ်းပျောက်ကွယ်ကုန်ကြပါသည်။သို့သော်လည်း ၁၉၉၀ ခုနှစ်တွင် တရုတ်ပြည်၌ နိုင်ငံခြားကုမ္ပဏီများ လျင်မြန်စွာတိုးတက်၍ ပြည်တွင်းကုမ္ပဏီများ ကျဆင်းလာရသည့် အကြောင်းအရင်းမှာ အဓိကအားဖြင့် နိုင်ငံပိုင်ကုမ္ပဏီများအား စီမံအုပ်ချုပ်ရေးဆိုင်ရာ ထိရောက်မှု ဆန်းစစ်ပြုပြင်ရာတွင် နှောင့်နှေးမှုကြောင့်ဖြစ်ပါသည်ဤကဲ့သို့သောစွမ်းဆောင်ရည်ချို့တဲ့သည့် ကုမ္ပဏီများ၏ စီမံခန့်ခွဲမှုကို ဆက်လက်ခွင့်ပြုခြင်းဖြင့် စွမ်းဆောင်ရည်ကင်းမဲ့မှုကို အားပေးရာ ရောက်ပါသည်။ မည်သို့ပင်ဖြစ်စေ အလုပ်ဖြုတ်ခံရသော်အလုပ်သမားများ သို့မဟုတ် ခွင့်ဖြင့်လုပ်ငန်းခွင်တွင် မရှိသော လုပ်သားများအပါအဝင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း ခန့်မှန်းခြေမှာ ၁၉၉၆ ခုနှစ်၌ ၂၀% ရှိသည်ကို စဉ်စားပြီး ရှော့ရိုက်ကုထုံး (Shock Treatment) ကျင့်သုံးမှုမှာ ၁၉၉၀နှစ်များတွင် တရုတ်ပြည်၌ လက်တွေ့အခြေအနေနှင့် ကိုက်ညီမှုမရှိပါ (Li, 1998) ။

ဤအချက်ကိုမြင်တွေ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရများသည် တည်ရှိနေသည့်ပြည်တွင်းစက်မှုလုပ်ငန်းများကို ကာကွယ်ရန် သင့်မသင့် ချင့်ချိန် စဉ်းစားသင့်ပါသည်။ သို့သော်လည်း ပြည်တွင်း ကုမ္ပဏီများကို အကာအကွယ်ပေးခြင်းမှာ ယာယီသဘောသာ ဖြစ်သင့်၍ ပြည်တွင်းကုမ္ပဏီများမှာ FDI ကုမ္ပဏီများနှင့် ယှဉ်ပြိုင်ခြင်း အလေ့အထရှိသင့်ပါသည်။

**မြန်မာအစိုးရအတွက်မှု**
**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို**
**ဆွဲဆောင်နိုင်ရန်**
**လုံလောက်သောပြင်ဆင်မှုများ**
**ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။**

အခြား FDI ၏ အကျိုးမဲ့စေမှုမှာ ထုထည်ဖြင့် FDI စီးဝင်မှုသည် စီးပွားရေးစွမ်းဆောင်မှုများ အလွန်အကျွံ ဖြစ်စေတတ်ပါသည်။ နှစ်အနည်းငယ်ခန့် ဗီယက်နမ်တွင် ငွေကြေးဖောင်းပွမှုဖြစ်ပေါ်ခြင်းက ယင်းအချက်ကို ညွှန်ပြပါသည်။ ပထမဦးစွာ FDI ကသာမန်ရသုံးငွေစာရင်း လိုငွေပြမှုကို ပိုမိုဆိုးရွားစေပါသည်။ အကြောင်းမူ နိုင်ငံခြားငွေပင်ငွေရင်းစီးဝင်မှုများက မတည်ရင်းနှီးဖွဲ့စည်းမှုကြီးကို ဖြစ်ပေါ်စေပါသည်။ ပိုမိုတိကျစွာ ဆိုရပါက FDI ကုမ္ပဏီက စက်ပစ္စည်းများကဲ့သို့ အရင်းအနှီးကုန်စည်များကို တင်သွင်းကြပါသည်။ (Fry 1996,pp-462-465) ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယင်းအရင်းအနှီးကုန်စည်များကို ထုတ်လုပ်ပံ့ပိုးပေးနိုင်သော ကုမ္ပဏီများ မရှိသလောက် ရှားပါသည်။

ဝန်ခံချက် ။ ။ By Masami ISHIDA, Bangkok Research Center, JETRO Bangkok) \ What Myanmar Can Learn on FDI from Other East Asian Countries: Positive and Negative Effects of FDIကို ဦးဝင်းကြည်က ဆီလျော်စွာ ဘာသာပြန်ဆို ဖော်ပြပါသည်။